က စိတ်ကူးချိုချိုအနုပညာ

# ဇော်ဇော်အောင်

## ဝတ္ထုတိုကိုစွကလေး



mgyoe.com

mgyoe.com

လူတွေမွေးလာတယ်။ အလုပ်လုပ်ကြတယ်။
သေဆုံးသွားကြတယ်။ ဒါတွေဟာ ဖြစ်ပျက်သွားတာတွေပဲ။
အဲဒီလိုပဲ သဘာဝသက်မဲ့လောကမှာ နေပူတယ်၊ မိုးရွာတယ်၊
လေတိုက်တယ်၊ ရာသီတွေပြောင်းလဲတယ်။
ဒါတွေဟာလည်း ဖြစ်ပျက်လှုပ်ရှားသွားတာတွေပဲ။
လောကထဲမှာ သက်ရှိ သက်မဲ့အရာတွေ ဖြစ်ပျက်လှုပ်ရှား
သွားသလို ဝတ္ထုထဲမှာလည်း ဇာတ်ဆောင်၊ ဇာတ်ကောင်တွေ
ပတ်ဝန်းကျင်ထဲကအရာတွေ ဖြစ်ပျက်လှုပ်ရှားသွားကြတာပဲ။
ဝတ္ထုထဲမှာတော့ အဓိအားဖြင့် ဇာတ်ဆောင်၊
ဇာတ်ကောင် Character တွေ ဖြစ်ပျက်
လှုပ်ရှားသွားကြတာကို အဓိကထားပြောရပါမယ်။
အဲဒီ ဇာတ်ဆောင်တွေရဲ့ (လှုပ်ရှားမှု actions၊ အဖြစ်အပျက် events)
တွေဟာ ဝတ္ထုသဘောအရ လောကထဲမှာ တကယ်ဖြစ်တဲ့
အစီအစဉ်နဲ့ တူချင်မှ တူမယ်။
တစ်ထပ်တည်းကျချင်မှ ကျမယ်။



ISBN9789997117786
ZZA18
9 789997 117786
700.00 KS

mgyoe.com

ဝတ္ထုတိုကိစ္စကလေး။ ဇော်ဇော်အောင်
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၄၁ မျက်နှာ၊ ၁၀ · ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# ဝတ္ထုတိုကိုစကလေး

ဇော်ဇော်အောင်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဝတ္ထုတိုကိစ္စကလေး

## [ ၁ ]

(ဝတ္ထုတိုရဲ့သဒ္ဒါ)ဆိုတဲ့ စာတမ်းတစ်စောင် ကျွန်တော် သီးသန့်ရေးထားတယ်။ ထပ်ရေးချင်စိတ်ပေါ်လို့ စိတ်ကူးတည့်ရာ ရေးချလိုက်ဦးမယ်။

### (က)

ပထမဆုံးပြောဖို့ စိတ်ကူးထဲပေါ်လာတာကတော့ တော်တော်စောစောကတည်းက ပညာရှင်တွေဟာ ဝတ္ထု (အတို/ အရှည်) အကြောင်း စိတ်ဝင်တစားရှိကြတယ်။ စာတမ်းဖတ်ပွဲတွေ ကျင်းပလို့ ဝတ္ထုတိုအကြောင်း စာတမ်းဖတ်ကြ၊ ဆွေးနွေးကြတယ်။ စာတမ်းတွေစုပြီး စာအုပ်တွေ ထုတ်ကြတယ်။ ဆရာကြီး (ဇော်ဂျီ) ဦးဆောင်ဦးရွက်ပြုတဲ့ စာတမ်းဖတ်ပွဲတွေမှာ ပညာရှင်တွေ၊ စာရေးဆရာကြီး၊ ဆရာမကြီးတွေ ပါဝင်

mgyoe.com

mgyoe.com


ခဲ့ကြတယ်။ သူတို့ခေတ် သူတို့အခါအလျောက် တာဝန်ကျေခဲ့ကြတယ်လို့ ပြောရမှာပါပဲ။ ဒါပေမဲ့ ကြာတော့ အတော်ကြာသွားပြီ။ ၁၉၇၈ ခုနှစ်လောက် ကဆိုတော့ စဉ်းစားကြည့်ကြဖို့ပါ။ ၁၉၇၈ ဆိုတော့ ဒီနေ့ဆိုရင် ၃၇ နှစ်လောက် ကြာသွားပြီပေါ့။ ကျွန်တော့်ဆရာလည်း မရှိတော့ဘူး။ ၃၇ နှစ် ဆိုတော့ နည်းနည်းကြာပြီ ထင်ပါတယ်။ ဒီမှာ ပြောသင့်တာ ကလေးတွေတော့ ရှိလာတယ်။ ဘာလဲဆိုတော့ အနုပညာဆိုတာ အမြဲရှင်သန်လှုပ်ရှားနေတယ်။ အမြဲ အသစ်ကို ဖန်တီးနေတယ်။ အဟောင်းတွေဟာ အမြဲတမ်းကျန်နေရစ်စမြဲပဲ။ အနုပညာဟာ ရှေ့ကို အမြဲသွားနေတယ်။ ဒီအချက်တွေကို သဘောပေါက်ဖို့ လိုမယ်ထင်တယ်။ ထင်တာမဟုတ်ဘူး။ သဘော ပေါက်ထားဖို့လိုကို လိုပါတယ်။ ဒီမှာ ကျွန်တော် အဓိက အလေးပေးပြောချင်တဲ့ကိစ္စကို ရောက်လာပါ ပြီ။ ဘာလဲဆိုတော့ အရင်တုန်းက ရေးခဲ့ကြတဲ့ ဆောင်း ပါးတွေ၊ တင်ခဲ့ကြတဲ့ စာတမ်းတွေမှာပါတဲ့ (ဝတ္ထုတို သီဝရီတွေ အခြေခံအခြင်းအရာ အချက်အလက်တွေ) ဟာ **ခေတ်နောက်ကျသွားပြီ** ဆိုတာပါပဲ။ အရပ်စကား နဲ့ လွယ်အောင်ပြောရရင် **ဒီတ်အောက်သွားပါပြီ**။

*

mgyoe.com

mgyoe.com



## (ခ)

ဒီမှာ ဝတ္ထုတိုရဲ့ အဓိကကျတဲ့၊ အရေးအကြီးဆုံး လို့ဆိုလောက်တဲ့ လက္ခဏာရပ် (၁) ခုကို တင်ပြဆွေးနွေးပါ့မယ်။ အဲဒီလက္ခဏာရပ်ကတော့ ...

**"ဝတ္ထုတိုဟာ အကြောင်းအရာတစ်ခု၊ အခြေအနေတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ စိတ်ကူးတစ်ခုကို အဓိကထားပြီး ဗဟိုပြုပြီး ရေးဖွဲ့ရတယ်"**

(တစ်ခု) ဆိုတဲ့စကား အလေးအနက်ထားဖို့ ဖြစ်တယ်။ (တစ်ခုတည်းသော အကြောင်းအရာ) ကို သိပ်သည်းကျစ်လျစ်စွာ ရေးဖွဲ့ရမယ်။ (တစ်ခုတည်းသော၊ စရိုက်လက္ခဏာ၊ အဖြစ်အပျက်၊ ခံစားမှု စိတ်အခြေအနေ) စတာတွေကို သိပ်သည်းကျစ်လျစ်စွာ ရေးဖွဲ့ရမယ်။ အဆုံးသတ်မှာလည်း (တစ်ခုတည်းသော အကျိုးရလဒ် Effect/ ရသ) ကို ပေးစွမ်းနိုင်ရမယ်။ **တစ်ခုတည်းသော/ Single** ဆိုတာကို အလေးထားကြောင်း၊ ဗဟိုမဏ္ဍိုင်ပြုထားကြောင်း ထင်ရှားပါတယ်။ ဒါနဲ့ပတ်သက်လို့ (ဝါ) တစ်ခုတည်းသော အကြောင်းအရာကို ဗဟိုမဏ္ဍိုင်ပြုကြောင်း ကျွန်တော်တို့ပညာရှင်တွေ၊ စာရေးဆရာတွေကလည်း အသီးသီး တင်ပြခဲ့ကြတာတွေ ရှိပါတယ်။ လေးစားလောက်တဲ့

mgyoe.com

mgyoe.com


ပုဂ္ဂိုလ်တွေပါပဲ။ အနည်းအကျဉ်း ထုတ်နုတ် တင်ပြပါ့မယ်။



ဆရာကြီး **မောင်ထင်** က ဒီလို ဆိုမိန့်ခဲ့တယ်။

"ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ စိတ်ကူးတစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခု စသည်ဖြင့် **တစ်ခုသောအချက်ကို ဗဟိုမထွေဆိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်**"

(မောင်ထင်၊ သိပ္ပံဝတ္ထုတိုစာတမ်း၊ ဝတ္ထုတို
စာတမ်းများ၊ ဒုတိယတွဲ၊ စာပေဗိမာန်၊
၁၉၇၉ စာ ၂၁၇)

mgyoe.com

mgyoe.com



ဆရာကြီး **ထင်လင်း** ကလည်း အထက်ပါ စာတမ်းဖတ်ပွဲမှာ တင်တဲ့ သူ့ဘာသာပြန်ဝတ္ထုတိုစာတမ်းမှာ H.G.WELLS ရဲ့ စာကို ဘာသာပြန်ပြီး ဒီလိုကိုးကားခဲ့ပါတယ်။



"ဝတ္ထုတို၏ ရည်ရွယ်ချက်မှာ **တစ်ခုတည်းသော အခြင်းအရာ** ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာနိုင်အောင် ဖော်ပြနိုင်ဖို့ဖြစ်သည်"

(မူရင်း) A Short Story ... aims at one **single,** vivid Effect.

(ထင်လင်း၊ အထက်တွင် ညွှန်းပြီး)

mgyoe.com

mgyoe.com


ကျွန်တော့်ရဲဘော်ကြီး (ကွယ်လွန်သူ) **အောင်သင်း** ကလည်း ဒီလို ဆိုခဲ့ပြန်တယ်။



"ဖြစ်ရပ် **တစ်ကွက်**၊ အတွေးအမြင် **တစ်ချက်**ကိုသာ ပြီးပြီးပြက်ပြက်ဖြစ်အောင် တင်ပြတာ ဝတ္ထုတိုရဲ့ ပဓာနလက္ခဏာလို့ ယူဆပါတယ်"

(ရာသက်ပန်/တောင်ငူဆောင်ရဲ့ မြန်မာဝတ္ထုတိုလမ်းကြောင်းစာတမ်းမှ)

mgyoe.com

mgyoe.com



ဒါ့အပြင် မန္တလေးက စာရေးဆရာ၊ ပညာရှင်များကလည်း အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း စာပေကော်မရှင်က ပြုစုတဲ့ဆောင်းပါး၊ ('မြန်မာစာအရေးအသား'၊ စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်၊ စာမျက်နှာ ၆၂၅) မှာ ဒီလို ဆိုမိန့်ကြတယ်။





ဝတ္ထုတိုရဲ့သဘောက ခံစားမှုကလေး **တစ်ခု** သို့မဟုတ် အဖြစ်အပျက် **တစ်ကွက်** မျှကို ကွက်ခနဲ ဒက်ခနဲ ထိမိသွားအောင် ရေးဖွဲ့ရတယ်။

**မောင်စွမ်းရည်/တင်မိုး**

(မြန်မာစာအရေးအသားစာအုပ်၊ ညွှန်းပြီး)


mgyoe.com

mgyoe.com



နောက်ထပ် မန္တလေးက ထင်ရှားတဲ့ ဆရာ ၂ ဦး ကတော့ ဆရာကြည်မြနဲ့ ဆရာမောင်မိုးသူတို့ပါပဲ။ သူတို့ကလည်း ဒီလိုဆိုမိန့်ခဲ့ကြပါတယ်။





"ဝတ္ထုတိုသည် အကြောင်းအရာ **တစ်ခုကိုသာ ပြောသည်**။ ၎င်းအကြောင်းအရာကို ဒက်ခနဲ ဒက်ခနဲ တစ်ချက်ချင်း ဖော်ပြလိုက်ခြင်းသည်ပင် ဝတ္ထုတိုဖြစ် သည်"

**ကြည်မြ/ မောင်မိုးသူ**

(အထက်တွင် ညွှန်းပြီး)

mgyoe.com

mgyoe.com




ဒီတစ်ခါ ဆရာကတော့ ရန်ကုန်ကပါ။ ဆရာ **ကြည်မင်း** ဖြစ်ပါတယ်။ သူက ဒီလိုမိန့်ဆိုတယ်။

'ဝတ္ထုတိုဆိုတာ မိုးကြိုးပစ်သလို အားစုပြီး ဝုန်းဒိုင်းရေးချနိုင်ရမယ်'

(ရာသက်ပန်/တောင်ငူဆောင်ရဲ့ စာတမ်း၊ ညွန့်ပြီး)

မန္တလေးဆရာတွေက ဒက်ခနဲဒက်ခနဲ ဆိုမိန့်ခဲ့ကြတယ်။ ဆရာကြည်မင်းက မိုးကြိုးပစ်သလို ဝုန်းဒိုင်းလို့ မိန့်ဆိုခဲ့တယ်။ ဆရာထင်လင်းကတော့ H.G.Wells ကို ပြန်ဆိုရာမှာ ဒိုင်းခနဲ ပြီးရမယ်လို့ ပြန်ဆိုခဲ့တယ်။ တဒက်ဒက်တွေ ဝုန်းဒိုင်းတွေနဲ့ တိုက်ပွဲ ဖြစ်နေသလား

mgyoe.com

mgyoe.com


အောက်မေ့ရတယ်။ အချုပ်ကတော့ (ကျွန်တော် နားလည်ထားတာ) ဒီလိုပါ။

**"ဝတ္ထုတိုဟာ အကြောင်းအရာ တစ်ချက်တစ်ကွက်ကို ရေးဖွဲ့ပြီး အဆုံးသတ်မှာ တိစနဲ ဖြတ်နိုင်ရမယ်။ တစ်ခုတည်းသော အကြောင်းအချက်ကို အာရုံစိုက်ရမယ်။ ကွေ့ဝိုက် ထပ်တွန့်နေတာတွေ မပါရဘူး"**

ဒါအချုပ်ပါပဲ။

အနောက်ဆရာကြီးတစ်ယောက်က Concentrating on a single character, event or emotion, and by compression and the avoidance of digression or repetition လို့ မိန့်ကြားခဲ့တယ်။

(ပါမောက္ခ JOHN FLETCHER, Professor of Comparative Literature, University of East Anglia ရဲ့ စာတမ်း၊ ROGER FOWLER ရဲ့ Dictionary of Modern Critical Terms, စာမျက်နှာ ၁၇၁–၁၇၂) သိကြပြီးသားဖြစ်မှာပါ။ ဒါပေမဲ့ ပြောလိုက်ပါဦးမယ်။ Compression ဆိုတာ ပွယောင်းမနေဘဲ၊ သိပ်သည်းကျစ်လျစ်တာမျိုး၊ Digression ဆိုတာ ဝေ့ဝိုက်ပြီး တောင်ရောက်မြောက်ရောက် ရေးတာ

mgyoe.com

mgyoe.com


မျိုး၊ Repetition ကတော့ ပြောပြီးသားစကားကို ပြောပြီးမှန်းမသိဘဲ ထပ်ပြောတာမျိုးတွေကို ဝတ္ထုတိုမှာ ရှောင်ရမယ်လို့ ဆိုလိုတာပါပဲ။

*

(ဂ)

ဒါတွေဟာ ပညာရှင်ဆရာတွေ၊ စာရေးဆရာကြီး၊ ဆရာမကြီးတွေ မိန့်ဆိုခဲ့တာတွေကို ကျွန်တော် ထုတ်နုတ်တင်ပြတာပါ။ မြန်မာ စာရေးဆရာမ၊ မြန်မာစာဆရာမ (ရာသက်ပန်/တောင်ငူဆောင်) ရဲ့ (**မြန်မာဝတ္ထုတိုလမ်းကြောင်း** စာတမ်း၊ မြန်မာသစ်ရသစုံ မဂ္ဂဇင်း၊ အမှတ် ၁၀/ဒီဇင်ဘာလ၊ ၂၀၀၉၊ စာမျက်နှာ ၅၄) မှ လိုအပ်တာ တွေကို ကောက်နုတ်ဖော်ပြတာ ဖြစ်ပါတယ်။ ဆရာမ ရာသက်ပန်/ တောင်ငူဆောင်ကို လည်း အချိန်မီ ခွင့်မတောင်းလိုက်ရဘဲ ကောက်နုတ် ဖော်ပြလိုက်တာကို တောင်းပန်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ လေးလည်း လေးစားပါတယ်။

အခု ထုတ်နုတ်ဖော်ပြခဲ့သမျှ ဆရာကြီး**မောင်ထင်**၊ ဆရာကြီး**ထင်လင်း** တို့က စပြီးတော့ ဆရာ**အောင်သင်း**၊ ဆရာ**မောင်စွမ်းရည်** နဲ့ ဆရာ**တင်မိုး**၊ ဆရာ**ကြည်မြ**နဲ့ ဆရာ**မောင်မိုးသူ**၊ ဆရာ**ကြည်မင်း** တို့

mgyoe.com